သစ်ခေါင်းကြီးကျေးရွာ

တိုက်ကြီးမြို့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ သစ်ခေါင်းကြီးကျေးရွာ၊ဘွက်ကုန်းကျေးရွာအုပ်စု
တိုက်ကြီးမြို့နယ်

သမဝါယနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ရက်

## မာတိကာ


မာတိကာ ၁

စကားချီး

ဘွက်ကုန်းကျေးရွာအုပ်စု၊သစ်ခေါင်းကြီးကျေးရွာသယံဇာတပြမြေပုံ၊ ၅

တိုက်ကြီးမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၈**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား–မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့်၄ အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၀**

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ


ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**
**ဇယား ၄၈ မှူခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းမျာ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်၂၀၂၃/၂၄ ဘဏ္ဍာရေးနှစ်မှ၂၀၂၈/၂၀၂၉ခုနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်း ပညာများပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှု ကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာ များမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်း ပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်း ဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများ နှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိ နိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ် မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါ ဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင် ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည်စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေး စိတ်အချက်အလက်များပါဝင်ပါသည်။

နိုဝင်ဘာလ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သစ်ခေါင်းကြီးကျေးရွာ
တိုက်ကြီးမြို့နယ်

## သစ်ခေါင်းကြီးကျေးရွာ သယံဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊သတင်းအချက် အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိ ပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသောအချက်များ နှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည် မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက် များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာ များနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ် ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအ စဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစု စည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင် ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဒေသတို့၏ သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင် ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

သစ်ခေါင်းကြီးကျေးရွာသည်
တိုက်ကြီးမြို့နယ်၏မြောက်ဘက်အစွန်းဆုံးဘွက်ကုန်းကျေးရွာအုပ်စု(၇)ရွာတွင် တစ်ရွာအပါအဝင်ဖြစ်သည်၊ ကျေးရွာသည်ဥက္ကံမြို့ရန်ကုန်-ပြည်ကားလမ်းနှင့်၂ဖာလုံဝေး၍သွားလာရလွယ်ကူပါသည်။အုပ်ချုပ်ရေးရုံးစိုက်ရာဥက္ကံမြို့များနှင့် အလွယ်တကူဆက်သွယ်သွားလာနိုင်သည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ကိုင်သူများဖြစ်ပါသည်။အိမ်ထောင်စုအချို့မှာနိုင်ငံခြားသို့အလုပ်သွားရောက်လုပ်ကိုင်ကျသည်။ဒေသ၏ တစ်နှစ်ပျှမ်းမျှမိုးရေချိန်လက်မမှာဖဂမဓဂဝန်းကျင်တွင်တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုပါသည်။ ကျေးရွာအနီးတွင်တော၊တောင်များမရှိပါ။ လယ်ယာမြေများမှာမိုးစပါး၊ နွေစပါးနှင့်ပဲမျိုးစုံစိုက်ပျိုးရန်အတွက်

အဓိကအားထားရာဖြစ်ပါသည်။ နှမ်းစပါးသီးနှံအတွက်လက်ယာမြောင်းမကြီး (တဘူးလှဆည်) မှ No7.No8. No9(a)No9(b) တို့မှဆည်ရေသောက်သုံးပြီးနွေစပါးစိုက်ပျိုးကျသည်။ ဆည်ရေမရရှိသောလယ်မြေများတွင် ရေပိုရေလျှံများကိုစက်ဖြင့်တင်၍စိုက်ပျိုးကျပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျေးရွာတွင်လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာမြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင်သဘာဝသယံဇာတများမထွက်ရှိပါ။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧကမှာ(၈၆၁)ဧကဖြစ်ပြီးနွေအခါတွင် စိုက်ပျိုးတောင်သူအချို့မှာ တဘူးလှဆည်မှဆည်ရေဖြင့် လယ်မြေဧက (၇၀၀)ဧကခန့်ကိုသာရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေအသုံးပြုမှု အနည်းငယ်ရှိပြီး မိုးစပါးနှင့်နွေစပါးကိုအဓိကထားစိုက်ပျိုးကြသည်။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း(၂၁၁)စုနှင့် ကျား(၃၉၂)၊ မ(၄၀၅)ဦးဖြင့် လူဦးရေပေါင်း(၇၉၇)ဦး ရှိကာတစ်အိမ်ထောင်လျှင်ပျမ်းမျှ(၃.၇)ဦးနှုန်းရှိပြီး နိုင်ငံတော်မှသတ်မှတ်ထားသော တစ်အိမ်ထောင်လျှင်ပျမ်းမျှနှုန်း(၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏၅၉%ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ပါသည်။လူငယ်များ၊ အမျိုးသမီးငယ်များကိုအသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများလေ့ကျင့်သင်ကြားပေးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုများပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးနှင့်မွေးမြူလုပ်ငန်းဖြစ်ပြီးတစ်ရွာလုံး၏ဝင်ငွေအနေအထားမှာသာမန်အားဖြင့်လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု(၁၁)စုသည်ဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်ရှိပြီး(၆၈)မှာ အလယ်အလတ်ရှိသည့်အိမ်ထောင်စုများအဖြစ်ခံယူကြပြီး(၂၆)မှာချမ်းသာသည့်အဆင့်ရှိသည်ဟုသတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကရိယာများပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည် ဟုပြောနိုင်သည်။ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့မှာနိုင်ငံခြားသွားခြင်း၊ ဝန်ထမ်းများကျပန်း၊ စသည့်လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက်အလယ်အလတ်အဆင့်သည်ကျေးရွာတွင်းအများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သောလယ်သမားများ လက်လုပ်လက်စား၊ မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်ကိုတွေ့ရှိရသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင်းမြေယာမဲ့အိမ်ထောင်စုများပြားသောကြောင့်ရာသီအလိုက်စိုက်ပျိုးရေး၊မွေးမြူရေးလက်လီခေါင်းရွက်ဗျက်ထိုး၊နိုင်ငံခြားသွား၊ဝန်ထမ်း ၊ကြုံရာကျပန်းများ လုပ်ကိုင်ကာရှာဖွေစားသောက်ကြပါသည်။ ကျေးရွာမှဆင်းရဲအိမ်ထောင်စုများ၏(၃၀%)ကိုလေ့လာဆန်းစစ်ချက်အရ ယင်းတို့၏အိမ်ထောင်စု(၃၄)စုမှာ

သူတပါးထံမှချေးငှားခြင်းနှင့်လုပ်အားခကြိုတင်ထုတ်ယူခြင်းများဖြင့်နပ်မှန်အောင်စားသုံးနိုင်ကြောင်းတွေ့ရှိရပါသည်။ ကူညီစောင့်ရှောက်မှုအထူးလိုဆပ်သောအုပ်စုများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင်ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်းကျန်းမာကြသည် သွေးလွန်တုတ်ကွေးရောဂါယခုနှစ်ပိုင်းတွင် အနည်းငယ်ဖြစ်ပွားမှုရှိကြောင်းတွေ့ရသည်။ကျန်းမာရေးဌာနမှလာရောက်ပြီးကလေးငယ်များအားဆေးထိုးပေးခြင်းနှင့်ကာကွယ်ဆေးတိုက်ကျွေးခြင်းများကိုပုံမှန်လာရောက်ပြုလုပ်ပေးလျှက်ရှိပါသည်။ ပိုးလောက်လန်းများအားပုံမှန်လာရောက်ဆေးခတ်ခြင်းနှင့်စစ်ခြင်းတို့ကြောင့် သွေးလွန်တုပ်ကွေး၊ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါများဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရသည်။အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာကျေးလက်ဆေးပေးခန်းတွင်ရရှိ၍မြို့နယ်ဆေးရုံနှင့်လမ်းပန်းဆက်သွယ်ရေးကောင်းသဖြင့်လက် လှမ်းမှီသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်သာရှိကြောင်းတွေ့ရသည်။ ရွာသားအများစုသည်အခြေခံအရေး၊အဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်နည်းပါးသည်။ ကျေးရွာတွင်းခြေခံပညာရေးကိုကျေးရွာမှာ အလယ်တန်းကျောင်းကျေးရွာတွင် ရှိပြီးဥက္ကံအထက်တန်းကျောင်းတွင်တက်ရောက်သင်ကြားနိုင်သည်။ကျောင်းသို့စက်ဘီး၊ဆိုင်ကယ်တို့ဖြင့်သွားလာနိုင်ပါသည်။ကျောင်းမှာသွပ်မိုး၊အင်္ဂတေခင်း၊အုတ်နံရံကာကျောင်းဆောင်ဖြစ်ပါသည်။သို့သော်အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်း နည်းပါးဆဲ ဖြစ်သည်။

**(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင်ကျားမရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ကျေးရွာတွင်ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ကျေးရွာ တွင်အမျိုးသမီးများသည်အရေးကြီးသောအခန်းကဏ္ဍတွင်ပါဝင်လာကြသည်။ ကျေးရွာအလှူတွင်း အလှူအတန်းများနှင့်

ချက်ရေးပြုတ်ရေးဘာသာရေးလုပ်ငန်းများအဖြစ်ဓမ္မစကြာရွတ်ခြင်းများတွင်လည်းပါဝင်လုပ်ဆောင်လာကြပါသည်။ ယောက်ကျားလေးများနှင့် တန်းတူပါဝင်လာကြပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင်မူလတန်း၊အလယ်တန်း၊အထက်တန်းအဆင့်၌မိန်းကလေးအရေအတွက်သည်ယောက်ျားလေးအရေအတွက်ထက်နည်းနေပါသည်။သို့သော်ကျေးရွာတွင်နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့နည်းပြီးရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ကျား-မတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့ အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်းလူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့ရှိပါသည်။ယင်းအဖွဲ့အစည်းများအနက်ပြင်ပမှဖွဲ့စည်းပေးထားသောအဖွဲ့များမရှိပါ။ကျေးရွာတွင်းလူမှုရေးအဖွဲ့မှာလှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ဘာသာရေးနှင့်ဝါတွင်း ကာလပတ်လုံးဆွမ်းလောင်းကြပါသည်။ ကျေးရွာတွင်းဘာသာရေးနှင့်ပတ်သတ်၍ ကလေးငယ်များယဉ်ကျေးလိမ္မာလာစေရန်အတွက် နွေရာသီအခြေခံယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပေးလျှက်ရှိပါသည်။ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားချိတ်ဆက်ဆောင်ရွက်မှု အားနည်းပြီးအဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတတ်ကောင်းမွန်လာစေပါသည်။

### (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်းစပါးနှင့်မတ်ပဲကိုအဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၈၆၁)နှင့် နွေစပါးစိုက်ဧက(၇၀၀)ခန့်စိုက်ပျိုးကြသည်။ မိုးစပါးပျှမ်းမျှအထွက်နှုန်းမှာ(၆၅)တင်းနှင့် နွေစပါး(၈၀)တင်းခန့်ထွက်ရှိသည်။နွေစပါး(၇၀၀)ဧကခန့်အားတာဘူးလှရေလှောင်တမံမှရေသွင်းစိုက်ပျိုးကြသည်။

တောင်သူအများစုသည်လယ်ယာလုပ်ငန်းခွင်အတွက်အလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်ရတတ်ပြီးလုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့်မားသည်။ တချို့တောင်သူများ မှာအလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကိုကျော်လွှား နိုင်ရန်စပါးစိုက်ရာတွင်ကြဲပက်စနစ်ကိုသုံးကြသည်။ တောင်သူများသည်တခါတရံတွင် မိုးရွာသွန်းမှုမညီမျှမှုရင်ဆိုင်ရတတ်သည်။ စပါးစိုက်ခင်းတွင်ကျရောက်သောဖျက်ပိုးများသည် ပိုးသတ်ဆေးအားခံနိုင်ရည်အားရှိသဖြင့် ထိရောက်သောဆေးများဖြင့် ဖျက်ပိုးနှိမ်နင်းမှုလိုလားနေကြသည်။

ကျေးရွာတွင်းခိုင်းနွားမွေးမြူသူအိမ်ထောင်စုအရေအတွက်(၅၉)စု၊ ကြက်မွေးမြူသူ အိမ်ထောင်စု(၂၀၀)စု၊ဝက်မွေးမြူသူအိမ်ထောင်စု(၃၂)စုအဓိကထားမွေးမြူကြသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှနည်းပညာနှင့်အကူအညီများတောင်းခံရရှိခြင်းကြောင့် ဆီးချုပ်ဝမ်းချုပ်ရောဂါ၊ ဝက်တုတ်ကွေးနှင့်ခွာနာလျှာနာများဖြစ်ပွားပြီးဆုံးရှုံးနစ်နာမှုများအနည်းငယ်သာရှိခဲ့သည်။ဒေသကြက်မွေးမြူသည့် အိမ်ထောင်စု မှာ(၅၀)စုကြက်လည်လိမ်ရောဂါနှင့် ကြက်ငှက်တုတ်ကွေးရောဂါ၊ ကြက်တန်းကြရောဂါများဖြစ်ပွားသည်။ မွေးမြူရေးလုပ်ငန်းဆိုင်ရာအခက်အခဲများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရန်ချေးငွေမရရှိခြင်း တို့ကြောင့်မွေးမြူရေးအားတွင်ကျယ်စွာလုပ်ကိုင်သူရန်ခတ်ခဲသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊လက်သမားပန်းရံ၊ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းတို့ ဖြစ်ကြသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားပြီးအလုပ်အကိုင်အခွင့်အလမ်း နည်းပါးဆဲဖြစ်ပါသည်။ ကျေးရွာသူ/သားများမှာ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်သည့်အသက်မွေးဝမ်းကျောင်းသင်တန်းများအား အခကြေးငွေပေးဆောင်ကာ မတတ်ရောက် နိုင်ကြပေ။

**(ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင်းစပါးစိုက်ခင်းများ၌သဘာဝမြေသြဇာများအသုံးပြုမှုနည်းပါးလာပြီး ဓါတုမြေသြဇာများအသုံးပြုမှုများလာသောကြောင့်မြေဆီလွှာများပိုမိုပျက်စီးရပါသည်။မြေဆီလွှာများပျက်စီးခြင်း၊မြေသြဇာဈေးနှုန်းများမြင့်မားခြင်းကြောင့် စပါးအထွက်နှုန်းများလျော့နည်းလာကာ အမြတ်ကျန်ရှိမှုနည်းပါးလာပါသည်။ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကြရောက်ခြင်းကြောင့် ပိုးသတ်ဆေးများအလွန်အကျွံသုံးစွဲလာပြီး မြေဆီလွှာများပျက်စီးလာရပါသည်။တောင်သူများအနေဖြင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်ပလစ်စတစ်အိပ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကိုစွန့်ပစ်ရာတွင် တွင်းတူး၍မမြှုပ်နှံဘဲ လယ်ကွင်းထဲအင်းအိုင်များထံသို့စွန့်ပစ်သောကြောင့်သဘာဝပတ်ဝန်းကျင်ထိခိုက်လာနိုင်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင်းတောင်သူများမှာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသောချေး ငွေကိုတစ်နှစ်အတိုးနှုန်း(၁.၄၂)ကျပ်တိုး၊ တစ်ဧကတစ်သိန်းခွဲနှုန်းဖြင့် အများဆုံးဆယ်ဧကအတွက်ထုတ်ချေးနိုင်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း မလုပ်ကိုင်သူအချို့အိမ်ထောင်စုများမှာ ရွာထဲရှိငွေတိုးချေးပေးသူများထံမှ အတိုး နှုန်း၁၀%မှ၃၀%ဖြင့်ချေးယူကြသည်။

**(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင်းကျေးလက်ဆေးပေးခန်းရှိပါသည်။ ဥက္ကံတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။ သောက်သုံးရေအတွက် အဝီစိတွင်းစက်တပ်(၁၈၀)တွင်း၊ ရေတွင်း(၅)တွင်း၊ ရေကန်(၂)ကန် တွင်းရှိပါသည်။ အိမ်တိုင်းစေ့ယင်လုံအိမ်သာသုံးစွဲကြပြီး အချို့ကအုတ်ကျင်းဖြင့် ဆောက်လုပ်ကြပြီးအချို့အိမ်ထောင်စုများမှာ ကျောက်ခွေဖြင့်သုံးစွဲကြသည်။ရေကြောင့်ဆက်စပ်ဖြစ်ပွားသောရောဂါများမရှိပါ။ ကျေးရွာတွင်အလယ်တန်းကျောင်းကို အလျား(၁၂၀)ပေ၊အနံ(၃၀)ပေ၊အမြင့်(၁၅)ပေ(၂)ဆောင်၊ အလျား(၆၀)ပေ၊အနံ(၃၀)ပေ၊ အမြင့်(၂၀) ပေ(၁)ဆောင် အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေခင်းကျောင်းဆောင် နှင့် အထက်တန်းကိုဥက္ကံအထက်တန်းကျောင်းတွင်ပညာ သင်ကြားနိုင်ကြသည်။ကျောင်းသား/သူများမှာ စာသင်ကျောင်းသို့စက်ဘီး၊ ခြေလျှင်၊ ဆိုင်ကယ် တို့ဖြင့်သွားရောက်ကာပညာသင်ကြားနိုင်ကြသည်။ ကျောင်းတွင်ပရိဘောဂလုံလောက်မှုရှိပြီးဆရာ/မ(၁၀)ယောက်အခမဲ့ ပညာရေးစနစ်ဖြစ်သောကြောင့် မူလတန်းပညာကျောင်းထွက်နှုန်းမရှိဘဲ ကျောင်းတတ်နှုန်းမြင့်မားပါ သည်။ ကျေးရွာမှကျောင်း၏လိုအပ်ချက် များကိုဖြည့်ဆည်းပေးလျှက်ရှိပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်းရိုးရာအကများဖြင့်တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

**(ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်းလမ်းမြေလမ်းအားကျေးရွာမှာ ကိုယ်ထူကိုယ်ထခင်းကျင်းထားရှိပြီးဖြစ်ပါသည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိဘဲ ကုန်းလမ်းခရီးကိုသာအသုံးပြုကြပါသည်။ ကျေးရွာတွင်းလျှပ်စစ်မီးကို

ကိုယ်ထူကိုယ်ထစနစ်ဖြင့်တပ်ဆင်အသုံးပြုနေပြီးအချို့အိမ်ထောင်စုများမှာ ဆိုလာ၊ ဖယောင်းတိုင်မီး များကို သာအသုံးပြုနေကြပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန် ပြီးအခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်း ဝယ်မှုကိုချောမွေ့စေသည်။ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီးလိုအပ် သောသတင်းအရင်းအမြစ်များအတွက်လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကိုချိတ်ဆက်အသုံး ပြုနိုင်သော်လည်းဆောင်ရွက်ထားသူမရှိသလောက်နည်းပါးပါသည်။ရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်ပြီး ရာဇဝတ်မှုဖြစ်ပွားနှုန်း နည်းပါးသည်။

### ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်းလျှပ်စစ်ဓါတ်အားကို အိမ်ထောင်စု(၁၉၆)စု၊ ဆိုလာအိမ်ထောင်စု(၁၅)စု အသုံးပြုနိုင်ပြီး လူငယ်ပညာတတ်အသင့်အတင့်ရှိပြီးလူဦးရေ၏ ၆၉%မှာအလုပ်လုပ်နိုင်သည်။ ဘွဲ့ရအရေအတွက်နည်းပါးပြီး သက်မွေးဝမ်းကျောင်းသင်တန်းများ လေ့ကျင့်သင်ကြားစေပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအားကောင်းစေ ပါသည်။ကျန်းမာရေးကောင်းမွန်ကြပြီးဝန်ဆောင်မှုများနှင့်လက်လှမ်းမီမှုရှိပါသည်။လိုအပ်ပါကဥက္ကံတိုက်နယ် ဆေးရုံသို့သွား ရောက်ကာဆေးကုသမှုခံယူနိုင်ပါသည်။ ပညာရေးတွင်ပံ့ပိုးမှုမှာအသင့်အတင့်ဖြစ်ပါသည်။

သဘာဝအရင်းအမြစ်ဖြစ်သောလယ်မြေများသည် မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။ မိုးရွာ သွန်းမှုမှာစပါးနှင့်ဆောင်းသီးနှံများစိုက်ပျိုးထုတ်လုပ်ရန်အတွက်အထောက်အပံ့ဖြစ်စေပါသည်။ ကျေးရွာတွင် တဘူးလုဆည်မှရေ့စပါး(၇၀၀)ကေခန့်အားရေသွင်းစိုက်ပျိုးနိုင်ပါသည်။ ရန်ကုန်-ပြည် ကားလမ်းနှင့်လည်း (၂)ဖာလုံခန့်သာဝေးကွာသောကြောင့်ကုန်စည်များကိုလွယ်ကူစွာအရောင်းအဝယ်ပြုလုပ်နိုင်ပါသည်။ကျေးရွာ တွင်မွေးမြူရေးထွက်ကုန်များအားရောင်းချရန် ဈေးကွက်ကောင်းသဖြင့်အထူးသဖြင့်ကြက်နှင့်ဝက်ကိုတိုးချဲ့ မွေးမြူရန်အခွင့်အလမ်းသာသည်။ သို့သော်မွေးကုဦးစီးဌာနမှနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများပြုလုပ်ပေးသင့် ပါသည်။ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်း ဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက် အသုံးပြုနိုင်မှုမှာအသင့် အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်ယာမြေများမှာမြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ လယ်ယာမြေကိုထပ်မံ တိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့် လယ်သမားများအဖို့အထွက်နှုန်းတိုးမြင့်အောင်အားစိုက်ရပေမည်။ တဘူးလု ဆည်မှရေရှိသောလည်း နောက်ပိုင်းတွင်ရေသွယ်မြောင်းဖော်လုပ်ပြီး စိုက်ပျိုးရေပိုမိုရရှိအောင်ဆောင်ရွက်

သင့်သည်။ ပိုးသတ်ဆေးအချို့ကိုခံနိုင်သောဖျက်ပိုးများလည်း စပါးစိုက်ခင်းများတွင်ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကိုရရှိနိုင်သော်လည်းဖျက်ပိုးနှိမ်နှင်းရေးနှင့် ပါတ်သက်၍ထိရောက်စွာအကောင်အထည်ဖော်ပေးသောအစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များရရှိရန်လိုအပ်သည်။ ကျေးရွာတွင်ငွေတိုးချေးသူများရှိသော်လည်းအတိုးနှုန်းမှာမြင့်မားတတ်သည်။ဘဏ်များမှကျေးရွာအရောက် ဝန်ဆောင်မှုချေးငွေလိုအပ်သောအိမ်ထောင်စုများမှာစီးပွါးရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာများတွင် အခက်အခဲကြုံ တွေ့ရတတ်သည်။

ကျေးရွာတွင်အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်းအိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက်ကုန်ကြမ်း၊ အတက်ပညာအသိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁)ကျေးရွာတွင်အခြေခံအဆောက်အုံများဖွံ့ဖြိုးတိုးတက်မှုမှတဆင့်ရပ်ရွာဖွံ့ဖြိုးတိုးတက်၍မျိုးဆက်သစ်လူငယ်များကိုလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဆိုင်ရာနယ်ပယ် ကျယ်ဝန်းလာစေရမည်။

က.၂)ကျေးရွာလျှပ်စစ်မီးအပြည့်အဝရရှိပြီးအလုပ်အကိုင်အခွင့်အလမ်းများရရှိကာဝင်ငွေတိုးပွားလာမှုမှတဆင့်ကျေးရွာအဆင့်အတန်းမြင့်မားလာစေရမည်။
က.၃)ကျေးရွာသူကျေးရွာသားများကျန်းမာကြံ့ခိုင်မှုမှတဆင့်စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားတိုးတက်မြင့်မားလာစေရရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန်အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁)ကျေးရွာတွင်ကျေးရွာအခြေခံအဆောက်အဦများကောင်းမွန်ကာ ကျေးရွာလူမှုအဆင့်အတန်းပညာရေးကျန်းမာရေးတိုးတက်ဖွံ့ဖြိုးလာစေရေးဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကိုအကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိလာ အောင်ဆောင်ရွက်ရန်တိုက်တွန်းအားပေးစွမ်းဆောင်လျှက်ရှိပါသည်။

ခ.၂)ကျေးရွာတွင်လျှပ်စစ်မီးအပြည့်အဝရရှိကာအပ်ချုပ်၊ဇာထိုးပန်းထိုး၊မုန့်လုပ်နည်း၊ဆံပင်အလှပြင်၊စက်မှုပညာရပ်များနှင့်မိုဘိုင်းဖုန်းပြင်စသောသင်တန်းများသို့တက်ရောက်သင်ကြားချင်သူများကိုတက်ရောက်နိုင်ရေး

အတွက်စီစဉ်ဆောင်ရွက်ပေးမည်။ထိုသို့တက်ရောက်သောသင်တန်းသားများကို ငွေကြေးအရင်းအနှီးအကုန်အကျခံကာကျွမ်းကျင်ပညာရှင်များနှင့်စီစဉ်ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၃)ကျေးရွာတွင်အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကိုဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက်မြို့နယ်ရှိဘဏ်များ၊ရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများရရှိပါကစိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက်သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကို တဖန်ကျေးရွာတွင်ရရှိထားသောနည်းပညာများကိုမျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင်အသုံးချကာထုတ်လုပ်မှုတိုးတက်စေမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စမျာ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီး ကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့် ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေး နိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း** ။ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီး ကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့် ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေး နိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း** ။ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါ ဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင်စပါးကိုအဓိကစိုက်ပျိုးကြသည်။တောင်သူများအတွက်သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီးဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက်နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုး နှိမ်နင်းရေးအတွက်သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်း များရောင်းချသည့်ပုဂ္ဂလိကအရောင်းဆိုင်များကိုမှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ် ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာတောင်သူများအတွက် သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင်ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာန ကဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအ တွက်လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့်အသေးစား လုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းများ သမဝါယအသင်းရှိသဖြင့်အထိုက်အလျောက် ချေးငွေလိုအပ် သူများအတွက် ဆောင်ရွက်ပေးသည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီးအလုပ် အကိုင်နှင့်အမြတ်အစွန်းများရရှိရန်အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်၄င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များလက် လှမ်းမီမှုတွင်အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြား နေသောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှု၊လက်မှုလုပ်ငန်း)အတွက်လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကိုကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေး ဆွဲခြင်း တွင်ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ကျွန်တော်တို့ကျေးရွာမှအသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ် ထွန်းစေမည့်လုပ်ငန်းသစ်များယခုအခါအဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်းစီးပွား ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့်ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည်ကျေးရွာ အထိလိုအပ်သောစီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘော ထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက် ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည် ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုကငါးနှစ်တာစီမခံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ် ၊ဦးစားပေး တန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထု သည်နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာ ကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွား ကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်း စီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွား ကြပါမည်။

**(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဖွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functionalclassification)ဝန်ကြီးဌာနများ၊ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi –cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ကျေးရွာတွင်းလမ်းအားကွန်ကရစ်လမ်းခင်းရန်

(၂) စာကြည့်တိုက်ရရှိရေး

(၃) ကျေးရွာလက်လီ/လက်ကားဈေးရရှိရေး

(၄) စိုက်ပျိုး/မွေးမြူရေးအတွက်နည်းပညာနှင့်ချေးငွေရရှိရေး

(၅) စာသင်ကျောင်းအားကစားကွင်းအဆင့်မြှင့်တင်ရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲရေးဖွင့်လှစ်ပေးသည့် အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

သစ်ခေါင်းကြီး ကျေးရွာ စီမံကိန်းရေးဆွဲသူ သင်တန်းသားများမှ သင်တန်းဆရာ၊ ဆရာမများ အားလုံးကိုကျေးဇူးတင်ရှိပါသည်။

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြား များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ |
|---|---|---|---|---|---|---|---|
| ၁ | အခြေခံ အဆောက်အဦ များ | ၁ | Â | Â | | | |
| ၂ | လူငယ်နှင့်အားကစား | ၂ | | Â | Â | Â | Â |
| ၃ | အခြေခံ အဆောက်အဦ များ | ၃ | | A | A | A | A |
| ၄ | ငွေကြေး | ၄ | Â | A | A | A | A |
| ၅ | လူငယ်နှင့်အားကစား | ၅ | Â | Â | A | A | A |

၉။ဘက်ချက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်တချို့စီမံချက်များကိုရေးဆွဲရာတွင်ကောင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ – လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ကျေးရွာတွင်းလမ်းအားကွန်ကရစ်လမ်းခင်းရန် | | | | | |
| ၂ | စာကြည့်တိုက်ရရှိရေး | | | | | |
| ၃ | ကျေးရွာလက်လီ/လက်ကားဈေးရရှိရေး | | | | | |
| ၄ | စိုက်ပျိုး/မွေးမြူရေးအတွက်နည်းပညာနှင့်ချေးငွေရရှိရေး | | | | | |
| ၅ | စာသင်ကျောင်းအားကစားကွင်းအဆင့်မြှင့်တင်ရေး | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေး ဆွဲခြင်းတွင်ပါဝင်သောစီမံကိန်း လုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘ ဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ပညာ ရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏အသေးစိပ်လုပ်ငန်း အမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက်အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသောအဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် လမ်းပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲ အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင်တိုးတက်မှု အခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။သို့မှသာရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါ လိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏လုပ်ငန်း ပိုင်းဆိုင်ရာတိုးတက်မှုနှင့်ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံး သပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည်မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ဖြစ်ပါမည်။(၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင်အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊

- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည်စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက် အပံ့များစသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှု အခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏တိုးတက်မှုအခြေအနေများ ကိုအောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။
ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှအကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ်အစကနဦး ကာလတွင်အချိန်ပိုင်း အလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့နည်းပညာ အကူအညီများကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၁၀ | ၁၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၄ | ၁၂ | ၂၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၂ | ၂၉ | ၆၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၃ | ၁၉ | ၅၂ | | ၁ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၈ | ၂၈၀ | ၅၄၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၉ | ၅၅ | ၉၄ | | |
| **စုစုပေါင်း** | **၇၈၇ ဦး** | **၃၈၂** | **၄၀၅** | **၇၈၇** | | **၁** |
| **စုစုပေါင်း အိမ်ထောင်စု ၂၁၁စု** | | | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက် ။ကျေးရွာတွင်းအိမ်ထောင်စုပေါင်း(၂၁၁)စုနှင့်စုစုပေါင်းလူဦးရေမှာ (၇၈၇)ဦးရှိပါသည်။၁နှစ်အောက်နို့စို့အရွယ်ကျား(၆)ဦး မ(၁၀)ဦး ရှိပါသည်။ ၁နှစ်မှ၅နှစ်အောက်ကလေးငယ် ကျား (၁၄)ဦးမ(၁၂)ဦး၊ မူလတန်းကျောင်းနေအရွယ် ကျား(၃၂)ဦး မ(၂၉)ဦး ရှိပြီး အလယ်တန်းကျောင်းသား အရွယ်ကျား(၃၃)ဦးမ(၁၉)ဦးတို့ရှိပါသည်။အလုပ်လုပ်နိုင်သောအရွယ်ရှိလူဦးရေမှကျား(၂၆၈)ဦးနှင့် မ(၂၈၀) ဦးရှိပြီးအလုပ်လုပ်နိုင်သည့်လူပေါ်များကာလူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ သက်ကြီးရွယ်အို (၉၄)ဦးရှိပြီး မသန်စွမ်းသည့်လူဦးရေမ(၁)ဦးရှိကြောင်း လေ့လာတွေ့ရှိ ရပါ သည်။**

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစာ**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဧချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရေးချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၈၈ | ၂၀၀ | ၈ | ၁၈၀ | ၂၀ | | မြင့်☐ လတ်☑ နိမ့် ☐ |
